## First Sunday of Lent (February 22, 2015)

## 1st READING: *Gn 9:8-15*

**ကမ္ဘာဦးကျမ်း။** ( ၉ း ၈ မှ ၁၅ အထိ )

ဘုရားသခင်သည်နောဧနှင့်သူ၏သားများအား မိန့်တော်မူသည်ကား ငါသည်သင်တို့နှင့်လည်းကောင်း၊-သင်တို့နောက်မှပေါ်ထွန်းလတ္တံ့သောသားမြေးတို့နှင့်လည်းကောင်း၊သင်တို့နှင့်ရှိသောသက်ရှိသတ္တဝါတို့အားလုံးတည်းဟူသောကောင်းကင်၌ပျံသန်းသောငှက်များကျွဲနွားတိရစ္ဆာန်များနှင့်သင်္ဘောမှထွက်လာခဲ့သောမြေပေါ်ရှိသတ္တဝါအပေါင်းတို့နှင့်လည်းကောင်း၊ပဋိညာဉ်ပြုမည်။သတ္တဝါအပေါင်းတို့သည်မည်သည့်အခါမျှရေလွှမ်းမိုးခြင်းဖြင့်သုတ်သင်ဖျက်ဆီးခြင်းရှိတော့မည်မဟုတ်၊နောင်ကိုလည်းမြေတစ်ပြင်လုံးကိုသုတ်သင်ဖျက်စီးရန်ရေလွှမ်းမိုးခြင်းရှိတော့မည်မဟုတ်ဟုသင်တို့နှင့်ငါပဋိညာဉ်ပြု၏။ဘုရားသခင်မိန့်တော်မူသည်ကားငါသည်သင်တို့နှင့်လည်းကောင်းသင်တို့နှင့်ရှိသောသက်ရှိသတ္တဝါအပေါင်းတို့နှင့်လည်းကောင်း။အစဉ်တည်စိမ့်သောငှာငါပေးသောလက္ခဏာဟူမူကားငါသည်တိမ်များပေါ်၌သက်တန့်ပေါ်ထွန်းစေမည်။ထိုသက်တန့်သည်ငါနှင့်ကမ္ဘာမြေကြီးပြုလုပ်သောပဋိညာဉ်အထိမ်းအမှတ်ဖြစ်လိမ့်မည်။ငါသည်ကောင်းကင်၌မိုးတိမ်များတက်စေသောအခါမိုးတိမ်များ၌ငါ၏သက်တန့်သည်ပေါ်ထွန်းလိမ့်မည်။ပဋိညာဉ်ကိုငါအောက်မေ့သတိရမည်။သက်ရှိသတ္တဝါအပေါင်းတို့ကိုဖျက်စီးအံ့သောငှာရေလွှမ်းမိုး ခြင်းသည်တစ်ဖန်ရှိတော့မည်မဟုတ်။-

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

## Responsorial Psalm *Ps 25:4-5, 6-7, 8-9*

ဆာလံ ၂၄၊

**သံပြိုင်။** ။ အိုဘုရားသခင်၊-ကိုယ်တော်၏လမ်းစဉ်ဟူသမျှတို့သည် ကိုယ်တော်၏ ပညတ်တော်များကို စောင့်ထိန်းသူ တို့အဖို့ ကရုဏာနှင့် သမ္မာသစ္စာတော်ဖြစ်ကြ၏။-

R. Your ways, O Lord, are love and truth to those who keep your covenant.

၁။ အိုဘုရားသခင်ကိုယ်တော်၏လမ်းစဉ်များကိုသင်ပြတော်မူပါ၊ကိုယ်တော်၏ခရီးလမ်းကြောင်းများ တို့ကို ညွှန်ပြ တော်မူပါ။-ကျွန်ုပ်ကို ကိုယ်တော်၏ သမ္မာတရားတော်၌ ပဲ့ပြင်ညွှန်ပြပေးတော်မူပါ။အအ ကြောင်းမူကား ကိုယ်တော်သာလျှင် ကျွန်ုပ်ကို ကယ်တင်တော်မူသော ဘုရားရှင်ဖြတ်တော်မူ၏။- **(သံပြိုင်)**

Your ways, O LORD, make known to me; teach me your paths, Guide me in your truth and teach me, for you are God my savior.

၂။ အိုဘုရားသခင်-ကာလအဆက်ဆက်မှ ကိုယ်တော်ဖေါ်ပြတော်မူခဲ့သော ကရုဏာမေတ္တာတော် ကိုသတိရတော်မူပါ။ကိုယ်တော်သည်ကောင်းမြတ်တော်မူသောကြောင့်ကိုယ်တော်၏ကရုဏာတော်နှင့် ကျွန်ုပ်ကို သတိရတော်မူပါ။-**(သံပြိုင်)**

Remember that your compassion, O LORD, and your love are from of old. In your kindness remember me, because of your goodness, O LORD.

၃။ ဘုရားသခင်သည်ကောင်းသောသဘော၊-ဖြောင့်မတ်သောသဘောနှင့် ပြည့်စုံတော်မူသည်ဖြစ်၍ အပြစ်ရှိသူတို့ကို သွန်သင်တော်မူ၏၊-နှိမ့်ချသောသူတို့အား ဖြောင့်မတ်ခြင်းသဘောနှင့် ပဲ့ပြင်တော်မူ၍ မိမိလမ်းစဉ်ကို သင်ကြားပေးတော်မူ၏၊- **(သံပြိုင်)**

Good and upright is the LORD, thus he shows sinners the way. He guides the humble to justice, and he teaches the humble his way.

## 2nd READING: *1Pt 3:18-22*

မွန်မြတ်သောတပည့်တော်ကြီး သံပေတရူး ရေးသောစာ ပထမစောင် ( ၃ း ၁၈ မှ - ၂၂ အထိ)

ချစ်လှစွာသော ညီအစ်ကိုတို့၊-

ခရစ္စတူးသခင်သည် ဖြောင့်မတ်သန့်ရှင်းသော သူဖြစ်သော်လည်း၊ကျွန်ုပ်တို့ကို ဘုရားသခင်ထံတော်သို့ပို့ဆောင်ရန်၊မဖြောင့်မတ်၊မသန့်ရှင်းသောကျွန်ုပ်တို့အတွက်ကျွန်ုပ်တို့၏အပြစ်များကြောင့်တစ်ကြိမ်အသေခံတော်မူသည်။ကိုယ်တော်သည်ကိုယ်ခန္ဓာဖြင့်အသေခံသော်လည်း၊ဝိညာဉ်သည်အသက်ရှင်လျက်ပင်ရှိသည်၊ထိုအခိုက်ထောင်ထဲ၌ရှိနေကြသောဝိညာဉ်များထံသို့ကြွသွားတော်မူ၍ဝမ်းမြောက်ရာသတင်းကိုဟောကြားတော်မူသည်။ထိုဝိညာဉ်တို့သည်ရှေးကာလ၊နောလေက်ထက်သင်္ဘောကြီးကိုတည်ဆောက်နေစဉ်ဘုရားသခင်သည်စိတ်ရှည်စွာစောင့်နေသော်လည်းမယုံကြည်ခဲ့သောသူများဖြစ်ကြသည်။ထိုအချိန်၌လူနည်းစုဖြစ်သောလူရှစ်ယောက်တို့သာရေအားဖြင့်ကယ်တင်ခြင်းခံခဲ့ရကြသည်။-ထိုရေသည်ယခုသင်တို့အားကယ်တင်ခြင်းချမ်းသာပေးသောဆေးကြောခြင်းမင်္ဂလာကိုသင်္ကေတပြုခဲ့သည်။သို့သော်ဤရေသည်ကိုယ်ခန္ဓာအညစ်အကြေးများကိုဆေးကြောသည်မဟုတ်၊ယေဇူးခရစ္စတူးသခင်၏ရှင်ပြန်ထမြောက်တော်မူခြင်းအားဖြင့်ကြည်လင်သောအသိစိတ်နှင့်ဘုရားသခင်ထံကတိဝန်ခံခြင်းသာဖြစ်သည်။-ကိုယ်တော်သည် စေတမန်တော်များ၊တန်ခိုး တော်ရှင်များနှင့် သူရသတ္တိရှိသူများအစရှိသော ကောင်းကင်ဗိုလ်ခြေတို့ကို မိမိအာဏာတော်အောက်သို့ ရောက်စေတော်မူပြီး နောက်ကောင်းကင်ဘုံသို့တက်ကြွတော်မူ၍ ဘုရားသခင်၏ လက်ယာဘက်မှာ စံပယ်တော်မူသည်။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

## GOSPEL:   *Mark 1:12-15*

သံမာရ်ကူးရေးထားသော သန့်ရှင်းသော ဧဝံဂေလိကျမ်း။ ( ၁ း ၁၂ မှ ၁၅ အထိ)

ထိုကာလ၌ ဝိညာဉ်တော်သည် တောအရပ်သို့ ကိုယ်တော်ကိုထွက်စေ၏၊-တော၌နေ့လေးဆယ်-ညဥ့်လေးဆယ်နေတော်မူ၍နတ်ဆိုး၏နှောက်ယှက်ခြင်းကိုခံတော်မူ၏၊သားရဲများနှင့်အတူနေတော်မူ၏၊-ကောင်းကင်တမန်တော်တို့သည် လည်း ကိုယ်တော်အားလိုရာကိစ္စများကို ရွက်ဆောင်ကြလေ၏၊-ယောဟန်အချုပ်ခံရပြီးသည့်နောက်မှကားယေရှုးသည်ဂါလိလေအားပြည်သို့ကြွတော်မူ၍ဘုရားသခင်နိုင်ငံတော်၏ ဧဝံဂေလိတရားတော်ကို ဟောတော်မူလျက် မိန့်တော်မူသည် ကား အချိန်ပြည့်စုံလေပြီ၊-ဘုရားသခင်၏နိုင်ငံတော်သည်နီးလာပြီ၊-နောင်တရကြ၍ဧဝံဂေလိတရားတော်ကိုယုံကြည်ကြ လော့။-

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။